မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
January 16 , 2025 Volume 86 , Number 12

၁၆ . ၁. ၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၆၂.၀၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၆.၃၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၃.၁၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၅.၉၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ရောင်းလိုအားထက် ဝယ်လိုအားများနေ၍ ငရုတ်ဈေးကောင်းရနေ




ယခုနှစ် ဇန်နဝါရီလဆန်းပိုင်းအတွင်း ငရုတ်ဈေးအမြင့်ဈေးတွင်ရှိကြောင်း ကုန်သည်များထံက သိရပါသည်။

လက်ရှိတွင် ရောင်းလိုအားထက် ဝယ်လိုအားများနေ၍ အသီးရှားပြီး ကွင်းဈေးမာနေကြောင်း ငရုတ်ကုန်သည်တချို့ က သုံးသပ်ပြောဆိုထားသည်။

“ဈေးကွက်မှာ အဝင်နည်းတဲ့ ငရုတ်တွေတော့ ဈေးတက်နေတယ်။ ဆင်ဖြူကျွန်းပုသစ်တွေဆို တစ်ပိဿာကို ၄၅၀၀၊ ၅၀၀၀လောက်တက်သွားတယ်။ အရောင်းဝယ်ကတော့ ပုံမှန်အနေအထားရှိတယ်။ တချို့တွေဆို ဈေးမဖွင့်ကြဘူး၊ ဈေးကတက်နေတော့ ကြိုက်ဈေးပေးရောင်းတာတွေရှိတယ်”ဟု ငရုတ်ကုန်သည်တစ်ဦးကပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မြစ်ဝမိုးထောင်တစ်ပိဿာလျှင် ၁၄,၀၀၀မှ ၁၄,၅၀၀ ကျပ်၊ ပန်းရဲ၊ မျှားနီ (AC) ၁၀,၅၀၀ ကျပ် မှ ၁၁,၀၀၀ကျပ် နှင့် ငရုတ် ဆင်ဖြူကျွန်းပုသစ် တစ်ပိဿာလျှင် ၁၈,၀၀၀မှ ၁၉,၀၀၀ ကျပ်အထိရှိကြောင်း သိရသည်။

ထို့ပြင်ရှမ်းပြည်နယ်အောင်ပန်းကုန်စည်ဒိုင်များတွင်ကုလားအော်ခြောက်တစ်ပိဿာ ၅၀,၀၀၀ကျပ်၊ကုလားအော်အစိမ်းတစ်ပိဿာ ၁၆,၅၀၀ ကျပ်၊ ရှမ်းသွယ်ခြောက်တစ်ပိဿာ ၁၆,၀၀၀ကျပ် နှင့် ရှမ်းပွခြောက် တစ်ပိဿာ ၁၃,၀၀၀ ကျပ် အထိရှိကြောင်း သိရသည်။

လက်ရှိ ရှမ်းပြည်နယ်၌ငရုတ်ကုန်စည်ပြပွဲများပြုလုပ်ကာ ကယန်းကုလားအော်၊ ရှမ်းပွနှင့်ရှမ်းသွယ်ငရုတ်မျိုးများကို တောင်သူများက လေလံစနစ်ဖြင့် ရောင်းချနေကြောင်းလည်း သိရသည်။

ပြည်တွင်းမြို့ကြီးများသို့ တိုက်ရိုက်ဈေးကွက်ချိတ်ဆက်နိုင်စေရန်အပြင်၊ အရည်သွေးမီသည့် ငရုတ်များထုတ်လုပ်ကာ ပြည်ပဈေးကွက်အထိ ချိတ်ဆက်နိုင်ရန်ဆောင်ရွက်နေကြောင်း ဆိုသည်။

“ရှမ်းဒေသတွေမှာ ငရုတ်ကသုံးလပိုင်းအထိ ဆက်တိုက်ထွက်တယ်၊ အခု ရှမ်းပြည်နယ်က တောင်သူတွေဈေးတန်းတစ်ခုတော့ရမှာပါ။တခြားမြို့တွေမှာ ဈေးတက်ရတဲ့ အကြောင်း

ရင်းက ရှမ်းပြည်နယ်က သယ်ရတဲ့စရိတ်တွေ၊ အလုပ်သမားခတွေရှိနေတော့ ကုန်ကျစရိတ်တွေပေါင်းပြီး ဈေးကတက်သွားတာပါ” ဟု ရှမ်းပြည်နယ်အောင်ပန်းမှ ဂေရုတ်ကုန်သည် တစ်ဦးကပြောသည်။

ဂေရုတ်စိုက်တောင်သူများအနေဖြင့် အထွက်နှုန်းနည်းသော်လည်း ဈေးကောင်းသဖြင့် အသီးအစိမ်းခူးဆွတ်ရောင်းချလျက်ရှိရာ စိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်းလည်း သိရသည်။

ဂေရုတ်သီးနှံကို နှစ်စဉ် မိုးကြိုဂေရုတ်၊ မိုးရာသီဂေရုတ်နှင့် ဆောင်းဂေရုတ်ဟူ၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း သိရပြီး မိုးကြိုဂေရုတ်ကို မတ်လနှင့် ဧပြီလတို့၌ စိုက်ပျိုးပြီး ဇွန်လတွင် စတင်ခူးဆွတ်လေ့ရှိကြောင်းသိရသည်။

လက်ရှိဂေရုတ်သီးအား ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံသို့ အဓိကထားတင်ပို့နေပြီး လာအို၊ မလေးရှား စသည်နိုင်ငံများသို့လည်း တင်ပို့နေကြောင်း သိရသည်။

**Source :** https://htwettoe.com/

## မင်းဘူး (စကု) မြို့နယ်ရှိ နွေသီးနှံ စိုက်ဧက ၁၃၀၀ အတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးသွားမည်



မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်ရှိ လျှပ်စစ်ရေတင်လုပ်ငန်း နှစ်ခုမှ ၂၀၂၄ – ၂၀၂၅ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၃၉၀ ဧကနှင့် အခြားသီးနှံ ၉၁၀ ဧက၊ စုစုပေါင်း ၁၃၀၀ ဧကကို လျာထား စိုက်ပျိုးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေများ လုံလောက်စွာဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းမင်းဘူး(စကု)မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) လက်အောက်ရှိ ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့်ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုမှ နွေစပါးနှင့် အခြားသီးနှံ ဧကပေါင်း ၁၃၀၀ အတွက် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုမှ ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ နွေစပါး၊ နွေနှမ်း၊ နွေပဲတီစိမ်း၊ ဖူးစားပြောင်းနှင့် အခြားသီးများအတွက် စိုက်ပျိုးရေကို ဇန်နဝါရီ ၂၅ ရက်မှ စတင်ရေပေးဝေ သွားမည်ဟု မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ထိုသို့ စိုက်ပျိုးရေကို ရာသီမရွေး လုံလောက်စွာ ပေးဝေနိုင်ရန်နှင့်မီတာယူနစ်ကုန်ကျစရိတ်သက်သာအောင် တိုင်းဒေသကြီး အစိုးရအဖွဲ့ ပံ့ပိုးမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဓာတ်အားပေးစနစ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ အဆိုပါ ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်း ၂ ခုမှ ယခင်နှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၃၇၈ ဧကနှင့် အခြားသီးနှံ ၉၄၆ ဧကကို စိုက်ပျိုးရေများ အောင်မြင်စွာပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

**Source :** https://www.popularmyanmar.com/

## ThaiFEX–Anuga Asia 2025 ပြပွဲ ကျင်းပမည်

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (DITP) မှ ကြီးမှူး၍ “ThaiFEX–Anuga Asia 2025” ကို ၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များအတွက် ပြခန်းတစ်ခန်းလျှင် (၂ ဒသမ၂၅ မီတာ x ၂ ဒသမ ၂၅ မီတာ) အကျယ်အဝန်းရှိသည့်ပြခန်း အခမဲ့ပံ့ပိုးသွားမည်ဖြစ်သည်။

ပြပွဲတွင်ပါဝင်ပြသခြင်းအားဖြင့် မြန်မာ့ထွက်ကုန်များကိုမိတ်ဆက်ပြသနိုင်ခြင်းနှင့်စျေးကွက်အသစ်များရှာဖွေရန် အခွင့်အလမ်း ကောင်းများ ရရှိမည်ဖြစ်သည်။

ThaiFEX-Anuga Asia 2025 ပြပွဲသို့ပါဝင်တက်ရောက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် https:// mitc. myantrade.gov.mm ၏ Trade Fair Registration တွင် ၁၅-၁-၂၀၂၅ ရက်နေ့မှ စတင်၍ အချက်အလက်များ ဖြည့်သွင်း၍ ဝင်ရောက်လျှောက်ထားရမည်ဖြစ်ပြီး ပါဝင်ပြသခွင့်ရရှိမည့် ကုမ္ပဏီအား စာရင်းပေးသွင်းမှု အစီအစဉ်အတိုင်း ဦးစားပေးရွေးချယ်သွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၈၆၂၂၊ E-mail: event.td. myantrade @gmail.com သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

Source : https://myantrade.gov.mm/

## ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း လယ်ငါးခူပိဿာ ၇၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှရန်ကုန်စျေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း လယ်ငါးခူပိဿာ ၇၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ လယ်ငါးခူပိဿာ ၇၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

" ပြီးခဲ့တဲ့ဒီဇင်ဘာလအတွင်း လယ်ငါးခူပိဿာတော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်စျေးကွက်ကနေ ဝယ်ယူမှုပေါ်မူတည်ပြီး တင်ပို့ရောင်းချနေရပါတယ်။ လက်ရှိအချိန်က ဒေသမှာ လယ်ငါးခူတွေ ထွက်ရှိနေတဲ့အချိန်ဖြစ်ပါတယ်။ လယ်ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ငါးဖြစ်ပါတယ်။ အရောင်းအဝယ်ကောင်းပေမဲ့ စျေးကတော့ ပုံမှန်အခြေအနေမှာပဲရှိနေပါတယ်"ဟု ၎င်းကပြောသည်။

ပန်းတနော်မြို့နယ်မှ လယ်ငါးခူကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်စျေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ လယ်ငါးခူများ ဝယ်လိုအားကောင်းလာသည့်အတွက်ရေချိုငါးခူမွေးမြူသူများ၊ ကုန်သည်များနှင့် ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

Source : https://www.myawady.net.mm/

## မြစ်သားမြို့နယ်အတွင်း ဝါသီးနှံများ ထွက်ပေါ်





မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့အတွင်းရှိ ကျေးရွာများ သည် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဝါသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၆,၆၆၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၆,၆၁၇ ဧကနှင့် မြစ်သားမြို့နယ်တွင် ၁၁,၈၆၄ ဧက၊ ခရိုင်အတွင်း စုစုပေါင်း ၃၈,၁၄၇ ဧကစိုက်ပျိုးခဲ့ကြောင်း၊ ယခုအချိန်တွင်ဝါသီးနှံများရိတ်သိမ်းထွက်ပေါ်လျက်ရှိရာ ၁၀,၃၂၀ ဧက ရိတ်သိမ်းပြီးကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဝါသီးနှံများကို မိုးကြိုရာသီ၊ မိုးရာသီနှင့် မိုးနှောင်းရာသီများတွင် စိုက်ပျိုးလျက်ရှိကြောင်း၊ မိုးနှောင်းဝါသီးနှံကို ဇူလိုင် လလယ်မှ ဩဂုတ်လအတွင်း စိုက်ပျိုးပြီး ၄ လခန့်အကြာ ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် ရိတ်သိမ်းရကြောင်း၊ ဝါစိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ထုပ် ဝယ်ယူစိုက်ပျိုးပါက တစ်ဧကလျှင် မျိုးစေ့ထုပ် ၂ ထုပ်ခန့်ကုန်ကြပြီး ယခင်နှစ် ဝါသီးနှံပေါ်ချိန်၌ ချန်ထား

သော ဝါမျိုးစေ့အား စိုက်ပျိုးပါက ပိဿာချိန် ၅ ပိဿာခန့်ကုန်ကျကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုးစေ့၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁,၀၀၀,၀၀၀- ၁,၀၂၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ ဈေးကွက်အနေဖြင့် မြစ်သားမြို့နယ်၊ ကူမဲမြို့ရှိ အောင်ကမ္ဘာဝါပွဲရုံသည် ဒေသတွင်းနှင့် အခြားဒေသမှထွက်ရှိသည့် ဝါများကိုဝယ်ယူ၍ ဝါဂွမ်းနှင့် ဝါစေ့ဆီများ ထုတ်လုပ်ရောင်းချလျက်ရှိပြီး ဝါဂွမ်းများကို တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံများသို့ တင်ပို့ရောင်းချကြောင်း သိရှိရသည်။

**Source : DOCA (မကွေး)**

https://commerce.gov.mm/

## ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပဲကြားသီးနှံများ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲကြားသီးနှံကို ဧက ၄၀၀ ခန့် စိုက်ပျိုးထားရှိပြီး မကျီးကန်၊ တောင်တွင်းနှင့်ညောင်ဝန်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ပဲကြားသီးနှံကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး ၄ လ အကြာတွင် ရိတ်သိမ်းရကြောင်း၊ ကုန်ကျစရိတ်အနေ ဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ပဲကြားတစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က ပဲကြားတစ်ဧကလျှင် ၁၂ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက် အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ပဲကြော်လုပ်ငန်းရှင်များနှင့် မန္တလေး၊ ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် ပဲကြားသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် ဈေးနှုန်းကောင်းမွန်ပါက တောင်သူများ အမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲကြားသီးနှံစိုက် တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA(မန္တလေး)**

https://commerce.gov.mm/

## ၂၀၂၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ စားသောက်ကုန်ဈေးနှုန်း ၂၀ ရာခိုင်နှုန်းတက်လာနိုင်ဟု ကျွမ်းကျင်သူများက သတိပေး

၂၀၂၅ ခုနှစ်တွင် ကုန်စည်ဝယ်ယူမှုနှင့်သယ်ယူပို့ဆောင်မှု အခက်အခဲများ ဆက်လက်ဖြစ်ပေါ်နေပါက အစားအသောက်နှင့်အဖျော်ယမကာအပါအဝင် အိမ်သုံးကုန်များ၏ ဈေးနှုန်းသည် ၂၀ ရာခိုင်နှုန်း အထိ တက်သွားနိုင်သည်ဟု လေ့လာသုံးသပ်သည့်အဖွဲ့အစည်းများက သတိပေးပြောကြားခဲ့သည်။

ပထဝီနိုင်ငံရေးမတည်ငြိမ်မှု၊ ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုနှင့် ဆိုက်ဘာလုံခြုံရေး ပြဿနာများကြောင့် လျှပ်စစ်ပစ္စည်းများ၊ စက်ယန္တရားများ၊ ဓာတုပစ္စည်းများနှင့် ရေနံထွက်ကုန်များ၏ ကုန်ကျစရိတ်သည် မြင့်တက်လာနိုင်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအတွက် အစားအသောက်နှင့် အဖျော်ယမကာများအပါအဝင် ကုန်ပစ္စည်းများ ဝယ်ယူခြင်းနှင့်ပံ့ပိုးပေးခြင်းက ကုန်ကျစရိတ် ၅ ဆ ပိုတက်နိုင်ကြောင်း၊ ဒေါ်နယ်ထရမ့်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်မည့် ဇန်နဝါရီလ ၂၀ ရက်နေ့မှစ၍ ၎င်းပြောခဲ့သည့်အတိုင်း အမေရိကန်သို့ဝင်ရောက်လာသော ကုန်စည်များအပေါ် အကောက်ခွန်ကောက်ခံမှုများ စတင်ပါက နေ့စဉ်ကုန်ကျစရိတ် ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း၊ ဝယ်ယူရေးနှင့်ထောက်ပံ့ရေးသိပ္ပံ (Chartered Institute of Procurement and Supply – CIPS) မှ ပညာရှင်များက ပြောကြားခဲ့သည်။

နိုင်ငံတကာကုန်စည်ပို့ဆောင်ရေးစရိတ်များတရိပ်ရိပ်တက်နေမှု၊ အမေရိကန် အရှေ့ဘက်ကမ်းခြေရှိ အလုပ်သမားများ၏ အောက်တိုဘာလက ဆန္ဒပြမှုစသည့် စိန်ခေါ်မှုများကြောင့် ကုန်စည်နှင့်ဝန်ဆောင်မှု ကုန်သွယ်ရေးအပေါ် အနှောင့်အယှက်ဖြစ်စေကာ စားသုံးသူများအတွက် မမျှတသော အကျိုးသက်ရောက်စေခဲ့ကြောင်း၊ အမေရိကန်သမ္မတထရမ့်၏ ကမ္ဘာ့ကုန်စည်များ

အပေါ် အကောက်ခွန် ၁၀ ရာခိုင်နှုန်းနှင့် တရုတ်ကုန်စည်များအပေါ် ၆၀ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံမည်ဟု ခြိမ်းခြောက်ခဲ့မှုက လည်း အချို့ကုမ္ပဏီများအား ကုန်စည်များကိုဆောလျင်စွာ တင်သွင်းစေဖြစ်ခဲ့ကြောင်း၊ သိုလှောင်ခြင်းကဲ့သို့ ကြိုတင်အစီအမံ များသည် ဈေးနှုန်းမြင့်တက်ခြင်း၏ အကျိုးသက်ရောက်မှုကို ယာယီသာတားဆီးနိုင်မည်ဖြစ်ပြီး အကောက်ခွန်နှုန်းအသစ်များ က ကုန်ကျစရိတ်တက်ခြင်း၊ ကုန်စည်စီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေခြင်းနှင့် အမေရိကန်ပို့ကုန်များအပေါ် တန်ပြန်မှုဖြစ် စေနိုင်ကြောင်း ကုန်သွယ်ရေးကျွမ်းကျင်သူများက သတိပေးပြောကြားခဲ့သည်။

စက်ယန္တရား၊ ဓာတုပစ္စည်း၊ ကွန်ပျူတာအစိတ်အပိုင်းများနှင့် သတ္တုတွင်းထွက်တို့သည် ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ ဈေးတက်နိုင်ကြောင်း၊ နိုင်ငံရေးတင်းမာမှုများလျော့ချရန်နှင့် ကမ္ဘာ့အဓိကဈေးကွက်များတွင် စားသုံးသူယုံကြည်မှု ပြန်လည်ရရှိ ရန်မှာ အဆိုပါပြဿနာများကိုထိရောက်စွာ ကိုင်တွယ်ရန်လိုအပ်ကြောင်း CIPS ၏ အမှုဆောင်အရာရှိချုပ် Ben Farrell က လေ့လာသုံးသပ်ချက်များအရ ပြောကြားခဲ့သည်။

**Source :** https://www.theguardian.com/business/

https://commerce.gov.mm/

## ဂျပန်နိုင်ငံသို့ ၂၀၂၄ ခုနှစ်အတွင်း လာရောက်လည်ပတ်သူ စံချိန်တင်မြင့်တက်



ဂျပန်နိုင်ငံအတွင်းသို့ ပြီးခဲ့သည့် ၂၀၂၄ခုနှစ်အတွင်း လာရောက်လည်ပတ်သူ စံချိန်တင်မြင့်တက်လာခဲ့ကြောင်း ဇန်နဝါရီလ ၁၅ ရက်တွင် ထုတ်ပြန်သည့်အချက် အလက်များ၌ ဖော်ပြထားသည်။

ဂျပန်ယန်းငွေတန်ဖိုး ကျဆင်းမှုကြောင့် နိုင်ငံအတွင်းသို့ ခရီးသွားပြည်သူများ လာရောက်လည်ပတ်ရန် ဆွဲဆောင်နိုင်ခဲ့ရာ နိုင်ငံအတွင်းသို့ လာရောက်လည်ပတ်သည့် ခရီးသည်အရေအတွက်မှာ ၂၀၂၄ ခုနှစ်တွင် ၃၆ ဒသမ ၈ သန်းကျော်အထိ မြင့်တက်လာကြောင်း ဂျပန်အမျိုးသား ခရီးသွားလုပ်ငန်းအဖွဲ့၏ ဖော်ပြချက်အရ သိရသည်။

ယင်းပမာဏသည် ၂၀၁၉ ခုနှစ်က နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ခရီးသည်အရေအတွက်ထက် ကျော်လွန်သွားခဲ့ ကြောင်း သိရသည်။

နိုင်ငံအတွင်းသို့ ခရီးသည်များဝင်ရောက်မှု ပြန်လည်မြင့်တက်လာခြင်းသည် ထင်ရှားသည့် ဖူဂျီတောင်၏ ဆွဲဆောင်မှုများ ကို တိုးမြှင့်ပေးသည့် အစိုးရအဖွဲ့၏ မူဝါဒကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း အခြားငွေကြေး များနှင့်လဲလှယ်ရာတွင် ယန်းငွေတန်ဖိုးကျဆင်းခြင်းကြောင့် ပြည်ပခရီးသွားများအတွက် ဂျပန်နိုင်ငံအတွင်း ဈေးဝယ်ယူရာတွင် ငွေကြေးပိုမို သုံးစွဲနိုင်စေခဲ့သည်။

ဂျပန်အစိုးရသည် လာမည့် ၂၀၃၀ ပြည့်နှစ်ခန့်တွင် နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ခရီးသည်အရေအတွက်ကို သန်း ၆၀ အထိမြင့်တက်လာစေရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ၂၀၃၀ ပြည့်နှစ်တွင် သစ်သီးနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍတင်ပို့ခြင်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရရှိရန် ဗီယက်နမ်ရည်မှန်း



ဗီယက်နမ်၏သစ်သီးနှင့်ဟင်းသီးဟင်းရွက်လုပ်ငန်းသည် ၂၀၃၀ ပြည့် နှစ်တွင် တင်ပို့ရာမှတစ်ဆင့် ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရရှိ ရန် ရည်မှန်းထားကြောင်း ဗီယက်နမ်နိုင်ငံသစ်သီးနှင့် ဟင်းသီးဟင်းရွက် အသင်း၏ အဆိုအရသိရပါသည်။

၂၀၂၃ ခုနှစ်တွင် သစ်သီးနှင့် ဟင်းသီးဟင်းရွက်တင်ပို့ရာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ၅ ဒသမ ၆ ဘီလီယံရရှိခဲ့ပြီး ၃ ဒသမ၄ ဘီလီယံ ရရှိခဲ့

သည့် ၂၀၂၂ ကထက် ၆၇ ရာခိုင်နှုန်းကြီးထွားခဲ့ကြောင်းသိရသည်။

ထိုကြီးထွားမှုကို ၂၀၂၄ ခုနှစ်ထိ ဆက်လက်သယ်ဆောင်နိုင်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၇ ဒသမ ၂ ဘီလီယံရရှိခဲ့ကြောင်း အသင်း၏ဥက္ကဋ္ဌဖြစ်သူ Nguyen Thanh Binh ကဟိုချီမင်းမြို့တော်တွင် ဇန်နဝါရီလ ၆ ရက်နေ့ကကျင်းပခဲ့သည့် အသင်း၏ ၂၀၂၄-၂၀၂၉ ကာလအတွက် ငါးကြိမ်မြောက်ကွန်ဂရက် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ဗီယက်နမ်၏ သစ်သီးနှင့်ဟင်းသီးဟင်းရွက်များသည် ယခုအခါ နိုင်ငံနှင့်ဒေသပေါင်း ၈၀ ကျော်ကိုတင်ပို့လျက်ရှိပြီး တရုတ်၊ အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ နယ်သာလန်နှင့် ဩစတေးလျတို့မှာ အဓိကဈေးကွက်များဖြစ်ကြောင်း သိရသည်။

လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များကလည်း ထိုကြီးထွားမှုကို မောင်းနှင် ပေးခဲ့ပြီး ဈေးကွက်ဝင်ရောက်ရာ လမ်းကြောင်းများကို သိသာစွာ မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အထူးသဖြင့် တရုတ်နိုင်ငံသို့ ဗီယက်နမ်သစ်သီး ၁၂ မျိုး တရားဝင်တင်ပို့ခွင့်လိုင်စင်ရရှိခဲ့ခြင်းကလည်း မှတ်တိုင်သစ်တစ်ခု ဖြစ်ခဲ့သည်။

ပို့ကုန်မျှော်မှန်းချက်နှင့်ပတ်သက်၍ အသင်းကကုလသမဂ္ဂအစားအစာနှင့်စိုက်ပျိုးရေးအဖွဲ့အစည်း၏ အဆိုအရ ကမ္ဘာ့လူဦးရေသည်ဆက်လက်မြင့်တက်လျက်ရှိပြီး ၂၀၃၀ ခုနှစ်တွင်လူဦးရေ ၉-၁၀ ဘီလီယံကြားရောက်ရှိမည်ဖြစ်ကာ ဝင်ငွေများလည်း စဉ်ဆက်မပြတ်တိုးတက်လာနိုင်သောကြောင့်ဗီယက်နမ်သစ်သီးနှင့်ဟင်းသီးဟင်းရွက်လုပ်ငန်းသည် တင်ပို့မှုဆက်လက်မြင့်တက်နိုင်မည်ဟု ပြောကြားခဲ့သည်။

ထို့ကြောင့် တင်ပို့ရန်ရည်မှန်းချက် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရရှိရန် လုပ်ငန်းနယ်ပယ်သည် စိုက်ပျိုးရာတွင်စံနှုန်းပြည့်မီမှုအားကောင်းစေရေး၊ ထုတ်လုပ်ရာတွင် အဆင့်မြင့်နည်းပညာသုံးရေးနှင့်ဈေးကွက်လိုအပ်ချက်နှင့်ပြည့်မီရန် အရည်အသွေးမီသော ထုတ်ကုန်များဖန်တီးရေးတို့ ဆောင်ရွက်ရမည်ဟုသိရသည်။

တစ်ချိန်တည်းမှာပင် အသင်းသည် ၎င်းတို့၏အဖွဲ့ဝင်များအား တင်သွင်းမည့်ဈေးကွက်စည်းမျဉ်းများကို လိုက်နာနိုင်စွမ်းအားကို မြှင့်တင်ပေးသွားရန်အာရုံစိုက်ထားမည်ဟု ပြောကြားခဲ့သည်။

ထိုကွန်ဂရက် အခမ်းအနားတွင် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီးဖြစ်သူ Hoang Trung က သစ်သီးနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍအား နိုင်ငံစီးပွားရေးကြီးထွားရေးတွင်ပူးပေါင်းပါဝင်ခဲ့သည့်အတွက် အသိအမှတ်ပြု စကားပြောကြားခဲ့ကြောင်း သိရသည်။

**Source :** Vietnam Net

**DOCA ရန်ကုန်**

https://www.doca.gov.mm/

## တစ်ကမ္ဘာလုံးတွင် ၂၀၂၄ ခုနှစ်အတွင်း ရောင်းချနိုင်ခဲ့သည့် လျှပ်စစ်ကား အရေအတွက် စံချိန်တင်မြင့်တက်



တစ်ကမ္ဘာလုံးတွင်၂၀၂၄ခုနှစ်အတွင်းရောင်းချနိုင်ခဲ့သည့် လျှပ်စစ်ကားအရေအတွက်သည် ၁၇ ဒသမ ၁ သန်းအထိ စံချိန်တင်မြင့်တက်လာခဲ့ကြောင်း လျှပ်စစ်ကားဆိုင်ရာသုတေသနအဖွဲ့တစ်ခုဖြစ်သည့် Rho Motion က ထုတ်ပြန်သည်။

အဆိုပါရောင်းချနိုင်သည့်ပမာဏသည် ပြီးခဲ့သည့်နှစ်ကပမာဏနှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် လျှပ်စစ်ကားထုတ်လုပ်ရောင်းချမှုတွင် လွှမ်းမိုးထားပြီး၂၀၂၄ ခုနှစ်တစ်နှစ်တည်းမှာပင်ကားအစီးရေ ၁၁ သန်း ရောင်းချနိုင်ခဲ့သည်။

တရုတ်လျှပ်စစ်ကားထုတ်လုပ်သည့်ကုမ္ပဏီများအနက် BYD သည်လက်ရှိတွင် ဦးဆောင်နေသည့်အခြေအနေတွင်ရှိနေပြီး တရုတ်နိုင်ငံအတွင်းရှိ လျှပ်စစ်ကားဈေးကွက်၏ သုံးပုံတစ်ပုံကျော်ကို ရယူထားနိုင်သည်။

ဥရောပဒေသတွင်မူ ဖြိတိန်နိုင်ငံက ဂျာမနီအားကျော်တက်၍ ၂၀၂၄ ခုနှစ်တွင်လျှပ်စစ်ကားအစီးရေ ၄၀၀,၀၀၀ ကျော် ထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့်ကနေဒါနိုင်ငံတို့၌ ၂၀၂၄ ခုနှစ်တွင် လျှပ်စစ်ကားအစီးပေါင်း ၁ ဒသမ ၈ သန်းခန့် ရောင်းချနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၉ ရာခိုင်နှုန်းမြင့်တက်လာသည်။

**Source :** https://www.myawady.net.mm/

## STOCK EXCHANGE (16.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,580 (Shares) | 27,186,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +100 | +1.25% | 8,000 | 8,100 | 8,000 | 469 | 3,763,200 | 33,109,694 | 268,189 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 327 | 1,030,400 | 38,929,150 | 124,573 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 0 | 0 | 10,400,986 | 88,408 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 1,054 | 2,002,600 | 29,664,613 | 56,363 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 0 | 0 | 12,823,224 | 41,034 |
| EFR | 00006 | 1,700 | +100 | +6.25% | 1,700 | 1,700 | 1,650 | 628 | 1,056,850 | 19,977,223 | 33,961 |
| AMATA | 00007 | 4,100 | -100 | -2.38% | 4,100 | 4,100 | 4,100 | 2 | 8,200 | 10,497,598 | 43,040 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 100 | 325,000 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 16th Jan. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 388.58 | +2.26 | +0.59% | 385.29 | 388.58 | 385.29 | 2,580 | 8,186,250 | 8 | 732,934 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 16th Jan. 2025

| Trading Volume | Trading Value |
|---|---|
| 16,112 (Shares) | 37,958,850 (MMK) |

## Main Board

As of 1:00 pm, 16th Jan. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,580 (Shares) | 27,186,250 (MMK) |

| MYANPIX | 388.58 ▲ 2.26 |
|---|---|
| Total Volume (shares) | 2,580 |
| Total Value (MMK) | 8 mil |
| Listed Company | 8 |
| Market Cap. (MMK) | 732,934 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 100 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 100 |
| AMATA | 00007 | 4,100 | ▼ 100 |
| MAEX | 00008 | 3,250 | ▲ 0 |

TIR